# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

September 26 , 2023 | Volume 70, Number 18


## ပခုက္ကူကြက်သွန်ဈေးကွက် ဈေးနှုန်းထပ်မံကျဆင်းလာပြီး တစ်ပိဿာ ကျပ် ၂၆၀၀ ပေါက်ဈေးရှိ



ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း ယခုစက်တင်ဘာလနောက်ဆုံးပတ်တွင် ဈေးနှုန်းထပ်မံကျဆင်းလာရာ အမြင့်ဆုံးတစ်ပိဿာ ကျပ် ၂၆၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

ပခုက္ကူကြက်သွန်ဈေးကွက်အတွင်း ကုန်ဝင်ရောက်မှု ယခင်ထက်နည်းပါးလာပြီး ပြည်တွင်းဝယ်လက်များ အဓိကဝယ်ယူနေကြောင်း သိရသည်။ ပခုက္ကူကြက်သွန် ဈေးကွက်သို့ ပိဿာချိန် သုံးသောင်းခန့်ဝင်ရောက်သည့် စက်တင်ဘာလ ၂၅ ရက်တွင် ဥ္ဂနီသေးတစ်ပိဿာ ကျပ် ၁၇၀၀–၂၀၀၀၊ ဥ္ဂနီလတ်တစ်ပိဿာ ကျပ် ၂၁၀၀–၂၃၀၀ နှင့် ဥ္ဂနီကြီးတစ်ပိဿာ ကျပ် ၂၄၀၀–၂၆၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"လက်ရှိ ကုန်ဝင်နည်းသလို ပစ္စည်းကောင်းလည်း ရှားသွားတယ်။ ဈေးကလည်း ပစ္စည်းအသန့်က တစ်ဈေး။ မလှတဲ့ပစ္စည်းက တစ်ဈေး။ သန့်တာက ထိပ်စ ကျပ် ၂၆၀၀ နဲ့ အညံ့ထဲကထိပ်စဆိုရင် ကျပ် ၂၁၀၀။ ပစ္စည်း အကောင်းရော အညံ့ရော သူ့ဈေးနဲ့သူ အရောင်းအဝယ်ဖြစ်တယ်။ တချို့ဂိုဒေါင်တင်ထားတဲ့သူတွေလည်း ရောင်းကြတယ်။ ရှေ့လျှောက်ကုန်ဝင်ကတော့ နည်းလာတော့မှာပါ" ဟု ပခုက္ကူမြို့မှ ကြက်သွန် ရောင်းဝယ်ရေး လုပ်ကိုင်သူတစ်ဦးက ပြောကြားသည်။

ပခုက္ကူကြက်သွန်ဈေးကွက်သို့ လက်ရှိတွင် ယောချောင်းတစ်လျှောက်မှ ထွက်ရှိသည့် ကြက်သွန်များ အဓိကဝင်ရောက်နေပြီးဈေးနှုန်းမှာ အမြင့်ဈေးတန်းသာ

---

၂၆.၉.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၁၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၂၅.၈၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၅.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၅၉.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၇.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၃၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၃၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၆၃ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၇.၇၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၇၄၀ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

ဖြစ်ကြောင်းသိရသည်။

ပခုက္ကူနှင့်ရေစကြိုမြို့နယ်တွင်း မြစ်ရေဝင်ဒေသများတွင် မြစ်ရေကျဆင်းပြီဖြစ်သည့်အတွက် လာမည့်ရေနည်းကာလများတွင် ကြက်သွန်စိုက်ပျိုးရန် ပျိုးထောင်ခြင်းများ ပြုလုပ်နေပြီဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/254185

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းဖြစ်ပေါ်နေသော စပါး/ဆန်စျေးနှုန်းများနှင့် စီးထွက်မှု

စစ်ကိုင်းတိုင်းဒေသကြီး၏ ဆန်ပိုဒေသများဖြစ်သော ကလေး၊ ကသာ၊ ကန့်ဘလူ၊ ရွှေဘိုနှင့်ရေဦးခရိုင်များအနက် မုံရွာခရိုင်နှင့် ကန့်ဘလူခရိုင်တို့တွင် စပါး/ဆန်စျေးနှုန်းများ အနည်းငယ်ကျဆင်းနေပြီး ကသာခရိုင်၌ စပါး/ဆန်စျေးနှုန်း အနည်းငယ်မြင့်တက်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စက်တင်ဘာလ (တတိယ) ပတ်တွင် ဖြစ်ပေါ်နေသော စပါး/ဆန် စျေးနှုန်းများမှာ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့နယ်မှ ရွှေဘိုပေါ်ဆန်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၃,၇၀၀,၀၀၀၊ ပေါ်ဆန်း(ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ၁၂၅,၀၀၀ ကျပ်၊ ရောမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ၁၃၀,၀၀၀ ကျပ်၊ နှံစပါး (ရွှေဝါထွန်း) စပါးတင်း (၁၀၀) လျှင် ကျပ် ၁,၉၀၀,၀၀၀၊ နှံစပါး (ရွှေဝါထွန်း) (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၀,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေ ကြောင်း၊ ရေဦးခရိုင်၊ ရေဦးမြို့နယ်မှ ပေါ်ဆန်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၃,၇၀၀,၀၀၀၊ ပေါ်ဆန်း (ဆန်) တစ်အိတ်လျှင် ကျပ် ၁၂၅,၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ် ၁၃၀,၀၀၀ ကျပ်၊ နှံစပါး(ရွှေဝါထွန်း) စပါးတင်း(၁၀၀)လျှင် ကျပ် ၁,၉၀၀,၀၀၀၊ နှံစပါး (ရွှေဝါထွန်း) (ဆန်) ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၈၀,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

ကလေးခရိုင်၊ ကလေးမြို့နယ်မှ ဧည့်မထ (စပါး) တင်း၁၀၀ လျှင် ၃,၂၀၀,၀၀၀၊ ဧည့်မထ (ဆန်) ၂၄ ပြည်ပါ တစ်အိတ်မှာ ကျပ် ၁၁၀,၀၀၀၊ ငစိန် (စပါး) တင်း ၁၀၀ လျှင် ၃,၁၀၀,၀၀၀၊ ငစိန် (ဆန်)၂၄ ပြည်ပါ တစ်အိတ်မှာ ၁၀၀,၀၀၀၊ ရောမင်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၃,၅၀၀,၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည်ပါ တစ်အိတ်မှာ ကျပ် ၁၂၀,၀၀၀၊ နှံစပါး(ဒေသမျိုး)(စပါး)တင်း ၁၀၀ လျှင် ကျပ် ၁,၁၀၀,၀၀၀၊ နှံစပါး (ဒေသမျိုး)(ဆန်) ၂၄ ပြည်ပါ တစ်အိတ်မှာကျပ် ၈၅,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကသာခရိုင်၊ အင်းတော်မြို့နယ်မှ မော်ဘီ(၂)(စပါး)တင်း ၁၀၀ လျှင် ကျပ် ၂,၀၀၀,၀၀၀၊ မော်ဘီ(၂) ဆန် ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၈၅,၀၀၀၊ ဆင်းကေရီ(၃)(စပါး) တင်း ၁၀၀ လျှင် ကျပ် ၂,၁၅၀,၀၀၀၊ ဆင်းကေရီ-၃ ဆန် ၂၄ ပြည် တစ်အိတ်မှာ ကျပ် ၈၇,၀၀၀၊ ရောမင်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၂,၄၅၀,၀၀၀၊ ရောမင်း(ဆန်) ၂၄ ပြည် ဆန်တစ်အိတ်လျှင် ကျပ် ၁၂၀,၀၀၀၊ နှံစပါး(ဆင်း-၃)(စပါး) တင်း ၁၀၀ လျှင် ကျပ် ၁,၃၀၀,၀၀၀၊ နှံစပါး(ဆင်း-၃)(ဆန်) ၂၄ ပြည်ပါ တစ်အိတ်မှာ ကျပ် ၆၅,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

မုံရွာခရိုင်၊ မုံရွာမြို့တွင် ရောမင်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၃,၀၀၀,၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည်တစ်အိတ်မှာကျပ် ၁၂၅,၀၀၀၊ ပေါ်ဆန်း(စပါး)တင်း ၁၀၀ လျှင် ကျပ် ၃,၂၀၀,၀၀၀၊ ပေါ်ဆန်း (ဆန်) ၂၄ ပြည် တစ်အိတ်မှာ ကျပ် ၁၂၅,၀၀၀၊ မနောသုခ(စပါး) တင်း ၁၀၀လျှင် ကျပ် ၁,၉၀၀,၀၀၀၊ မနောသုခ (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၈၅,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့တွင် ရောမင်း (စပါး) တင်း ၁၀၀ လျှင် ကျပ် ၃,၀၀၀,၀၀၀၊ ရောမင်း (ဆန်) ၂၄ ပြည် တစ်အိတ်မှာ ကျပ် ၁၃၀,၀၀၀၊ ပေါ်ဆန်း(စပါး) တင်း ၁၀၀ လျှင် ကျပ် ၃,၅၀၀,၀၀၀၊ ပေါ်ဆန်း (ဆန်) ၂၄ ပြည် တစ်အိတ်လျှင် ကျပ် ၁၂၄,၀၀၀၊ နှံစပါး ရွှေဝါထွန်း (စပါး)တင်း ၁၀၀ လျှင် ကျပ် ၁,၈၀၀,၀၀၀၊ ရွှေဝါထွန်း (ဆန်) ၂၄ ပြည် တစ်အိတ်မှာ ကျပ် ၇၈,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးမှ အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ ဆန်စီးထွက်မှုမှာ စက်တင်ဘာလ (ဒုတိယ) ပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၁၇,၅၀၀၊ မန္တလေးသို့ အိတ်ရေ ၂၉,၆၀၀၊ မကွေးသို့ အိတ်ရေ ၆၀၀၊ နေပြည်တော်သို့ အိတ်ရေ ၆,၀၀၀၊ ရှမ်း (တောင်) သို့ အိတ်ရေ ၄,၅၀၀၊ ရှမ်း (မြောက်) သို့ အိတ်ရေ ၄,၅၀၀၊ စုစုပေါင်းအိတ်ရေ (၆၂,၇၀၀) အိတ်၊ တန်အားဖြင့် (၃,၁၃၅) စီးထွက်ခဲ့ပြီး စက်တင်ဘာလ (တတိယ) ပတ်တွင် ရန်ကုန်သို့ အိတ်ရေ (၁၅,၀၀၀)၊ မန္တလေးသို့ အိတ်ရေ (၁၈,၆၀၀)၊ မကွေးသို့ အိတ်ရေ (၁,၀၀၀)၊ နေပြည်တော်သို့ အိတ်ရေ (၆,၅၀၀)၊ ရှမ်း (တောင်) သို့ အိတ်ရေ (၅,၀၀၀)၊

ရှမ်း(မြောက်)သို့ အိတ်ရေ (၅,၀၀၀)၊ ကချင်သို့ အိတ်ရေ (၅၀၀)၊ စုစုပေါင်းအိတ်ရေ (၅၁,၆၀၀)အိတ်/ တန်အားဖြင့် (၂,၅၈၀) တန် စီးထွက်ခဲ့ကြောင်း သိရသည်။

**DOCA (စစ်ကိုင်း)**

**Source:** https://www.commerce.gov.mm/my/article/update-news-local-trade/%

## ပဲနီလေးကုန်သွယ်မှုအပေါ် ကနေဒါမှထိုးနှက်ခြင်းမရှိသကဲ့သို့ အိန္ဒိယအနေဖြင့်လည်း ပြည်တွင်းလိုအပ်ချက်အတွက် အလုံအလောက်ရှိ

ခါလစ်စတန်ခွဲထွက်ရေးခေါင်းဆောင် Hardeep Singh Nijjar ကိုသတ်ဖြတ်မှုနှင့်ဆက်နွယ်၍ သံတမန်ရေးရာ တင်းမာမှုများကြောင့် ကနေဒါနှင့်အိန္ဒိယနိုင်ငံအကြား အဓိကကုန်စည်တစ်ခုဖြစ်သော ပဲနီလေး (masurdal) အပေါ် သက်ရောက်မှုများ ရှိလာနိုင်သည်ဟူသော ထင်ကြေးပေးမှုများ မကြာသေးမီကဖြစ်ပေါ်လာခဲ့သည်ဟု The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

စက်တင်ဘာလ ၂၄ ရက်နေ့က ဖြန့်ဝေသည့် Times of India(ToI)သတင်းစာ၏ အစီရင်ခံစာအရ အိန္ဒိယအစိုးရသည် ပဲနီလေးတင်သွင်းမှုနှင့်ပတ်သက်ပြီး ယခုအချိန်အထိအဆင်ပြေကြောင်းနှင့် လက်ရှိသံတမန်ဆက်ဆံရေး တင်းမာမှုကာလအတွင်း အိန္ဒိယဆိပ်ကမ်းများသို့ တန်ချိန်တစ်သိန်းနီးပါး ရောက်ရှိလာခဲ့သည်ဟု အရာရှိများ၏ပြောကြားချက်ကိုကိုးကား၍ ToI က ဖော်ပြထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် နှစ်စဉ်ပဲနီလေးတန်ချိန် ၂၃ သိန်းစားသုံးမှုရှိသော်လည်း ပြည်တွင်းထုတ်လုပ်မှုမှာ တန်ချိန် ၁၆ သိန်းဝန်းကျင်သာရှိကြောင်း၊ သို့ရာတွင် တန်ချိန်ခြောက်သိန်းနီးပါးမှာ တင်သွင်းထားပြီးဖြစ်သဖြင့် ပြဿနာတစ်စုံတစ်ရာမရှိနိုင်သည်ကို ယုံကြည်သည်ဟု တာဝန်ရှိသူတစ်ဦးက ToI သို့ ပြောကြားထားကြောင်း၊ ထို့အပြင် အဆိုပါအရာရှိက အစိုးရသည် ပဲနီလေးကို ၂၀၂၄ ခုနှစ်၊ မတ်လနောက်ပိုင်းထိ တင်သွင်းမှုအား အကောက်ခွန်မဲ့ဆက်လက်ထားရှိဖွယ်ရှိကြောင်း ပြည်ပမှစိုက်ပျိုးသူများအား အရိပ်အမြွက်ပြောကြားခဲ့ကြောင်း သိရသည်။

အစိုးရအချက်အလက်များအရ ၂၀၂၂-၂၀၂၃ ရာသီချိန်တွင် အိန္ဒိယသည် ကနေဒါနိုင်ငံမှ ရူပီး ၃၀,၃၂၀ သန်းတန်ဖိုးရှိ ပဲနီလေးတန်ချိန် ၄.၈၅ သိန်းတင်သွင်းခဲ့ပြီး ယခုနှစ် ဧပြီလမှဇွန်လအတွင်း တန်ချိန်တစ်သိန်းနီးပါး တင်သွင်းခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ပဲနီလေးကို သြစတြေးလျမှ တင်သွင်းမှုသည်လည်း တန်ချိန်နှစ်သိန်းနီးပါးအထိ မြင့်တက်လာသကဲ့သို့ ရုရှားနိုင်ငံမှလည်း ပဲနီလေးများကို တင်သွင်းမှုများရှိခဲ့ကြောင်း၊ ရုရှားမှ ပဲနီလေးတင်သွင်းမှုမှာ အဆင်ပြေခဲ့သော်လည်း အပင်ပိုးမွှားရောဂါကင်းရှင်းမှုဆိုင်ရာကိစ္စရပ်များနှင့် ကုန်ကျစရိတ်ကြီးမြင့်မှုများကြောင့် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် ရပ်နားခဲ့ကြောင်းသိရသည်။ ထို့ကြောင့် အိန္ဒိယသည် ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ပဲနီလေးထွက်ရှိသည့်နိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထို့အပြင် အိန္ဒိယသည် မကြာသေးမီနှစ်များအတွင်း ပြည်တွင်းပဲမျိုးစုံထွက်ရှိမှုမြင့်တက်လာပြီး ကုလားပဲကဲ့သို့သော အစားထိုးပဲမျိုးစုံကို စားသုံးရန် ပြည်သူများအားလှုံ့ဆော်ပေးသည့် လှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြောင်းသိရသဖြင့် ကနေဒါနိုင်ငံနှင့် သံတမန်ဆက်ဆံရေးတင်းမာမှုများကြောင့် အိန္ဒိယပြည်တွင်း ပဲနီလေးဈေးကွက်တွင် ထင်မြင်ချက်အမျိုးမျိုးဖြစ်ပေါ်နေမှုတို့အား သိရှိနိုင်ရန် တင်ပြလိုက်ရပါသည်။

Source: No Canada hit on masur dal supply, but India plays safe, The Economic Times, 24 September 2023.

(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

https://myantrade.gov.mm/article/STP(Ygn)_26092023_10:35

## ရုရှားနိုင်ငံသည် ကုန်စည်အချို့ကို လိုက်လျောညီထွေရှိသော ပို့ကုန်ခွန်များသတ်မှတ်မည်

ရုရှားအစိုးရသည် ပြည်တွင်းဈေးကွက်ကို ကာကွယ်ရန်အတွက် ကုန်စည်အချို့အပေါ် လိုက်လျောညီထွေရှိသော ပို့ကုန်ခွန်များကိုသတ်မှတ်ထားကြောင်း ဝန်ကြီးများရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ ၎င်းတို့သည် အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အသက်ဝင်မည်ဖြစ်ပြီး ရူဘယ်ငွေလဲနှုန်းနှင့် ချိတ်ဆက်မည်ဖြစ်သည်။

အဆိုပါအစီအစဉ်သည် ယာယီဖြစ်ပြီး ၂၀၂၄ နှစ်ကုန်အထိ အသက်ဝင်မည်ဖြစ်ကာ ပြည်တွင်းဈေးကွက်ကို ကာကွယ်ရန် ရည်ရွယ်ထားသည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ မတူညီသော ထုတ်ကုန်အမျိုးမျိုးအတွက် ပို့ကုန်ခွန်ပမာဏသည် ၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ ကွဲပြားမည်ဖြစ်ကြောင်း၊ အခြေခံအားဖြင့် နိုင်ငံတော်သုံးငွေ၏ ငွေလဲနှုန်းအပေါ်မူတည်၍ အခွန်သည် ၄ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းအထိရှိမည်ဖြစ်ပြီး "တစ်ဒေါ်လာလျှင် ရူဘယ် ၈၀ နှင့်အောက်သည် သုညဖြစ်လိမ့်မည်"ဖြစ်ကြောင်း၊ ဓာတ်မြေသြဇာအတွက် အခွန်သည် ရူဘယ်ငွေလဲနှုန်းပေါ်မူတည်၍ ၁၀ ရာခိုင်နှုန်းအထိရှိမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဖော်ပြထားသော စာရွက်စာတမ်းများအရ တစ်ဒေါ်လာလျှင် ရူဘယ် ၈၀ နှင့် ၈၅ အကြား ငွေလဲနှုန်းတွင် အခွန်သည် ၄ ရာခိုင်နှုန်း၊ ရူဘယ် ၈၅ နှင့် ၉၀ အကြား ငွေလဲနှုန်းတွင် ၄.၅ ရာခိုင်နှုန်း၊ ရူဘယ် ၉၀ နှင့် ၉၅ အကြား ငွေလဲနှုန်းတွင် ၅.၅ ရာခိုင်နှုန်းနှင့် ရူဘယ် ၉၅ နှင့်အထက် ငွေလဲနှုန်းတွင် ၇ ရာခိုင်နှုန်းဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါအစီအမံများသည် ကုန်ပစ္စည်းတင်ပို့မှုနှင့် ပြည်တွင်းစားသုံးမှုအကြား မျှတသောအချိုးအစားကို ထိန်းသိမ်းရန်ဖြစ်ပြီး ပြည်တွင်းဈေးကွက်တွင် တရားမျှတမှုမရှိသော ဈေးနှုန်းများမြင့်တက်မှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်သော်လည်း ရုရှားနိုင်ငံမှတင်ပို့သော ဓာတ်မြေသြဇာများ၏ ဈေးနှုန်းများသည် မြင့်တက်လာနိုင်ကြောင်း သုံးသပ်ရပါသည်။

**Source : https://tass.com/economy/1678641**

**(ခွန်မျိုးသူ၊ စီးပွားရေးသံမှူး၊ မော်စကိုမြို့)**

https://myantrade.gov.mm/article/STP(Ygn)_25092023_14:36

## ယခုနှစ်အတွင်း တရုတ်နိုင်ငံသို့ ပြောင်းပိုမိုတင်ပို့နိုင်ရန် ကြိုးပမ်းနေ



တရုတ်နိုင်ငံသို့ ယခုစက်တင်ဘာလအတွင်းမှစတင်ကာ ပြောင်းများ တင်ပို့နေပြီး ပိုမိုတင်ပို့နိုင်ရန် ကြိုးပမ်းနေကြောင်း မြန်မာနိုင်ငံပြောင်းလုပ်ငန်းအသင်းမှ သိရသည်။

"အသင်းအနေနဲ့ ထိုင်းကအဝယ်ရပ်တဲ့အခါ တရုတ်နိုင်ငံကို ရောင်းနိုင်ဖို့ ကြိုးစားနေပါတယ်။ လက်ရှိမှာလည်း ဗီယက်နမ်နိုင်ငံနဲ့တရုတ်နိုင်ငံကို စက်တင်ဘာလကနေစပြီးတင်ပို့နေပါပြီ"ဟု မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ပြောင်းတင်ပို့မှုကို ထိုင်းနိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်ပြီး ယင်းသို့ တင်ပို့ရာတွင်လည်း အကောက်ခွန် ကင်းလွတ်ခွင့်ကာလအနေဖြင့် ဖေဖော်ဝါရီ (၁) ရက်မှ ဩဂုတ် (၃၁) ရက်အထိ သတ်မှတ်ထားခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ နှစ်စဉ်ပြည်ပသို့ ပြောင်းတင်ပို့မှုမှာ တန်ချိန် (၂) သန်းခန့်ရှိပြီး ထိုင်းနိုင်ငံသို့ တန်ချိန် (၁) သန်းခန့် တင်ပို့လျက်ရှိကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ ယခုနှစ်တွင် တန်ချိန် ၄ သိန်း တင်ပို့နိုင်ရန် ခန့်မှန်းထားပြီး ကျန်ရှိသည့်ပမာဏအတွက် ဗီယက်နမ်နှင့် ဖိလစ်ပိုင်သို့ ခွဲ၍တင်ပို့သွားမည်ဖြစ်ကြောင်းလည်းသိရသည်။ မြန်မာနိုင်ငံအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် (၉) ခုတွင် ပြောင်းကို တစ်နှစ်ပတ်လုံး စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=130828https://www.popularmyanmar.com/?p=130828

## စက်တင်ဘာလ ၁၆ ရက်မှ ၂၂ ရက်နေ့အတွင်း စစ်တွေကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုသတင်း

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၁၆-၉-၂၀၂၃) မှ (၂၂-၉-၂၀၂၃) အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့၊ ဧီးဖတ်၊ ချင်း(အစို)၊ အုန်းသီးခြောက်၊ ငါးမြစ်ချင်း၊ ငါးသိုင်းခေါင်းပွနှင့် ဇီးယိုထုပ်တို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၃၀၂၂၈ ဒေါ်လာ တင်ပို့ခဲ့ကြောင်း သတင်းရရှိပါသည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်မှ ၂၂ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်အနေဖြင့် အုန်းသီးခြောက် တန်ချိန် ၄၀ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ အုန်းသီးခြောက် တန်ချိန် ၃၅ တန် တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် အုန်းသီးခြောက်တန်ချိန် ပိုမို၍တင်ပို့နိုင်ခဲ့ ကြောင်းသိရပါသည်။

ယခုအပတ်အုန်းသီးခြောက် တင်ပို့နိုင်မှုငွေပမာဏမှာ ၁၂၀၀၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။ ၂၀၂၃ ခုနှစ် စက်တင်ဘာလ ၁၆ ရက်မှ ၂၂ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေထွက်ပစ္စည်းအနေဖြင့် ငါးမြစ်ချင်းတန်ချိန် ၃၁ ဒသမ ၆၃၂ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ငါးမြစ်ချင်းတန်ချိန် ၈ ဒသမ ၄ တန် တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ငါးမြစ်ချင်းတန်ချိန် ပိုမို၍တင်ပို့နိုင်ခဲ့ကြောင်း သိရပါသည်။ ယခုအပတ်ငါးမြစ်ချင်း တင်ပို့နိုင်မှု ငွေပမာဏမှာ ၄၀၄၆၃ ဒသမ ၅၂၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

Source: **စစ်တွေပြည်နယ်ဦးစီးမှူးရုံး**

## ကုန်ကြမ်းချည်မျှင်ရှည်ဝါဂွမ်း ပိဿာချိန် ၁၁ သိန်းကျော် နိုင်ငံပိုင်ချည်မျှင်စက်ရုံများအတွက် ဝယ်ယူမည်




နိုင်ငံပိုင် ချည်မျှင်စက်ရုံ ၆ ရုံမှာ ကုန်ကြမ်းချည်မျှင်ရှည်ဝါဂွမ်း ပိဿာချိန် ၁၁ သိန်းကျော် လိုအပ်မှုရှိနေပြီး ဝယ်ယူနိုင်ဖို့အတွက် စိတ်ပါဝင်စားတဲ့ ပြည်တွင်းက လုပ်ငန်းရှင်တွေအနေနဲ့ တင်ဒါအဆိုပြုလွှာများကို တင်သွင်းနိုင်ဖို့ ဖိတ်ခေါ်နေတယ်လို့ စက်မှုဝန်ကြီးဌာန သတင်းများအရ သိရပါတယ်။

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ စက်ရုံတွေဖြစ်တဲ့ အမှတ်(၁) အထည်စက်ရုံ (ရွှေတောင်) မှ ချည်မျှင်ရှည်ဝါဂွမ်း(A)အဆင့်ကို ပိဿာချိန် ၁၁၅,၀၀၀ နှင့် ချည်မျှင်ရှည်ဝါဂွမ်း (C) အဆင့်ကို ပိဿာချိန် ၄၇,၀၀၀၊ အမှတ်(၃) အထည်စက်ရုံ(စစ်ကိုင်း)မှ (A)အဆင့်ကို ပိဿာချိန် ၁၀၀,၀၀၀ နှင့် (C)အဆင့်ကို ပိဿာချိန် ၄၀,၀၀၀၊ အမှတ်(၄)အထည်စက်ရုံ (ပွင့်ဖြူ)မှ (A)အဆင့်ကိုပိဿာချိန် ၁၈၄,၃၀၀ နှင့် (C)အဆင့်ကို ပိဿာချိန် ၈၈,၄၈၀ ၊ အမှတ်(၅)အထည်စက်ရုံ(ပခုက္ကူ)မှ (A)အဆင့်ကို ပိဿာချိန် ၁၀၀,၀၀၀၊ အမှတ်(၇)အထည်စက်ရုံ(မြစ်သား) မှ (A)အဆင့်ကို ပိဿာချိန် ၂၀၀,၀၀၀၊ အမှတ်(၈)အထည်စက်ရုံပျော်ဘွယ်မှ (A)အဆင့်ကို ပိဿာချိန် ၂၈၅,၀၀၀၊ စုစုပေါင်း (A)အဆင့်ကို ပိဿာချိန် ၉၈၄,၃၀၀ နှင့် (C)အဆင့်ကို ပိဿာချိန် ၁၇၅,၄၈၀ တို့အတွက် တင်ဒါခေါ်ယူထားတာလို့သိရပါတယ်။

တင်ဒါပိတ်ရက်ကို လာမယ့်စက်တင်ဘာလ ၂၉ ရက်နေ့အဖြစ် သတ်မှတ်ထားပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုတယ်ဆိုရင်တော့ ထုတ်လုပ်ရေးဌာန ၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော် ရုံးအမှတ် (၃၇) သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်တယ်လို့ သိရပါတယ်။

ပြည်တွင်း၌ ချည်မျှင်ရှည်ဝါကို အထက်အညာဒေသတွေဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီးနဲ့မန္တလေးတိုင်းဒေသကြီးတို့မှာ အများဆုံး စိုက်ပျိုးမှုတွေရှိနေတာဖြစ်ပါတယ်။

**MFN မှကူးယူဖော်ပြပါသည်။**

**Source: https://t.me/htwettoe**

## လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်မှ ၂၂ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ငွေပမာဏ စုစုပေါင်း တန်ဖိုးမှာ ၇၆၄၈၀၃.၉၃၀ ကန်ဒေါ်လာတင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၆၂၄၉၁၀.၄၂၀ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဆန်ကွဲ၊ ပြောင်း၊ ဆန်နှင့်ကြိမ်များ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၄၇၉၈၉၁.၃၀၀ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၂၈၄၉၁၂.၆၃၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ချည်ထည်များ၊ လုပ်ငန်းသုံးအခြားပစ္စည်းများ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ တွင်းထွက် (သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ၊ အပ်ချည်ကြိုးများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ ဓါတ်မြေသြဇာ၊ သံပိုက်၊ ပန်းသီးနှင့်မြက်ခင်းတုများ တင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၂၄၆၇၇၀.၂၉၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၃၇၈၁၄၀.၁၃၀ တင်သွင်းမှု ရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေ ၁ ကျပ်လျှင် တရုတ်ငွေ ၀.၃၄၉ ယွမ်ရှိပြီး တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၈၆.၅၃ ကျပ်ရှိကြောင်း သိရှိရပါသည်။

Source: ကချင်ပြည်နယ်ဦးစီးမှူးရုံး

## STOCK EXCHANGE (26.9.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 26th Sep. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,341 (Shares) | 6,591,350 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | -100 | -1.11% | 9,000 | 9,000 | 8,900 | 549 | 4,901,600 | 33,109,694 | 294,676 |
| MTSH | 00002 | 3,100 | +0 | +0.00% | 3,100 | 3,100 | 3,100 | 177 | 548,700 | 38,929,150 | 120,680 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 13 | 96,200 | 10,400,986 | 76,967 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 199 | 338,300 | 29,664,613 | 50,430 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 0 | 0 | 12,823,224 | 30,776 |
| EFR | 00006 | 2,250 | +50 | +2.27% | 2,250 | 2,250 | 2,250 | 10 | 22,500 | 19,977,223 | 44,949 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 2 | 9,800 | 10,497,598 | 51,438 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 391 | 674,250 | 23,804,946 | 41,659 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 26th Sep. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 377.26 | -1.22 | -0.32% | 377.85 | 379.01 | 377.26 | 1,341 | 6,591,350 | 8 | 711,575 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 26th Sep. 2023

| Trading Volume | Trading Value |
|---|---|
| 1,341 (Shares) | 6,591,350 (MMK) |

## Main Board

As of 1:00 pm, 26th Sep. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,341 (Shares) | 6,591,350 (MMK) |

| MYANPIX | 377.26 ▼ 1.22 |
|---|---|
| Total Volume (shares) | 1,341 |
| Total Value (MMK) | 7 mil |
| Listed Company | 8 |
| Market Cap. (MMK) | 711,575 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▼ 100 |
| MTSH | 00002 | 3,100 | ▲ 0 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,250 | ▲ 50 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |